# Kant Kaw Taw Online Library

အတွဲ ၂၊ အမှတ် ၁
ဇန်နဝါရီလ - ဧပြီလ၊ ၂၀၂၅ ခုနှစ်

# UPCOMING




မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ရက်ပိုင်းက လှုပ်ခတ်သွားခဲ့တဲ့ ငလျင်ကြောင့် သော်လည်းကောင်း၊ အကြိမ်ကြိမ် လှုပ်ခတ်နေခဲ့တဲ့ နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများကြောင့် သော်လည်း အခြားသော သဘာဝ ဘေးအန္တရာယ်များ အပါအဝင် အမျိုးမျိုးသော အကြောင်းအရာတွေကြောင့် ကြီးမားတဲ့ စိတ်ဖိစီးမှုတွေ၊ မွန်းကြပ်မှုတွေကို ခံစားနေကြရပါတယ်။ ဒီလိုစိတ်ဖိစီးမှုတွေကို အနည်းငယ်ပဲ ဖြစ်ဖြစ် ဖြေလျော့ပေးနိုင်စေဖို့ ရည်ရွယ်ပြီး "Critical Incident Stress Management Workshop" ဆွေးနွေးပွဲလေးကို ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။

ကံ့ကော်တောစာကြည့်တိုက် နှင့် Councling Corner တို့ ပူးပေါင်းပြီး ပြုလုပ်ပေးမယ့် ဒီဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ် ဧပြီလ ၁၁ ရက် သောကြာနေ့မှာ ပြုလုပ်ဖို့အတွက် စီစဉ်ထားပါတယ်။ အသေးစိတ် အစီအစဉ်ကိုတော့ ကံ့ကော်တောရဲ့ ဖေ့ဘွတ်စ် စာမျက်နှာနဲ့ တယ်လီဂရမ် စာမျက်နှာတို့မှာ ဖော်ပြပေးထားပါတယ်။

စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်နိုင်ပါတယ်။ မိမိရဲ့ စိတ်ဖိစီးမှုတွေကို လျော့ချနိုင်ဖို့၊ မွန်းကြပ်မှုတွေ ဖြေလျော့နိုင်ဖို့အတွက် ဒီဆွေးနွေးပွဲကို ပါဝင်တက်ရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။

# NEW ACQUISITIONS

## eResource Collection




OHCHR နှင့် the World Health Organization (WHO) တို့ ပေါင်းစပ်ထုတ်ဝေသော “ကျန်းမာရေးရပိုင်ခွင့်၊ အနှစ်ချုပ်စာစောင် အမှတ် ၃၁” မြန်မာဘာသာပြန်ကို လေ့လာဖတ်ရှု နိုင်ပြီဖြစ်ပါတယ်။ လူသားများ အတွက် အခြေခံအကျဆုံးနှင့် မရှိမဖြစ် အလိုအပ်ဆုံးဖြစ်သော ကျန်းမာရေး ရပိုင်ခွင့်ဟူသည် မည်သို့ဖြစ်မည် သို့မဟုတ် မည်သို့ဖြစ်သင့်သည်ဆိုသော ကနဦး လုပ်ဆောင်ချက်များနှင့် အဆိုပြုချက်များအကြား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ၌ လက်ရှိကျင့်သုံးနေသည့် ကျန်းမာရေးရပိုင်ခွင့်ကို ဤအနှစ်ချုပ်စာစောင်က ပိုမိုနားလည် သဘောပေါက်စေပါသည်။

ပိုမိုလေ့လာရန်...




စာရေးဆရာ John W. Creswell ရေးသားပြီး သစ်မင်းအိမ် ဘာသာပြန်ဆိုထားတဲ့ ပေါင်းစပ်နည်းလမ်းများ အခြေပြုသုတေသနအကြောင်း လိုရင်းတိုရှင်းမိတ်ဆက်စာအုပ်ကို ဖတ်ရှုလေ့လာနိုင်ပါတယ်။ စာအုပ်တွင် ပေါင်းစပ်နည်းလမ်းများကို စတင်သင်ယူသူ သို့မဟုတ် ပြန်လည် လေ့လာလိုသည့် အဆင့်မြင့် သုတေသီများ အတွက် လိုအပ်သော အချက်အလက်များကို ဖြည့်ဆည်းပေးထားပါသည်။ အရေအတွက် အခြေပြု နှင့် အရည်အသွေးအခြေပြု အချက်အလက်ရလဒ်များကို အတူတကွ ချိတ်ဆက်ခြင်း (ဥပမာ ပေါင်းစပ်ခြင်း)ဖြင့် သုတေသနလုပ်ငန်းကောင်းတစ်ခု အဖြစ် မည်သို့တင်ပြမည်၊ ရလဒ်နှစ်ခုအား အတူတကွ မည်သို့ချိတ်ဆက် မည်၊ ပုံနှိပ်ထုတ်ဝေခြင်းနှင့် ရန်ပုံငွေလျှောက်ခြင်းတို့အတွက် နည်းလမ်းများ “ပေါင်းစပ်ခြင်း”ကိုလည်း နည်းလမ်းတကျ အသေးစိတ် လေ့လာနိုင်မည် ဖြစ်ပါသည်။

ပိုမိုလေ့လာရန်...

# Video Collection




Click Here

**Answering Interviews with Confidence**

Description: Recorded video, 2:10 hrs. length.
Author: Dr. Pyi Sone Nyein
Language: Myanmar/ Burmese
Publisher: Kant Kaw Taw Library
Subject: Interviewing, Job interview
Language: Myanmar
Publish Date: 2025-03-03
Access: Public

**How to write CV, Resume**

Description: Recorded Video, 1:47 hrs.
Publisher: Kant Kaw Taw Library
Language: Myanmar
Author: Test
Publisher: Kant Kaw Taw Library
Subject: CV, Resume writing
Language: Myanmar
Publish Date: 2025-02-07
Access: Public

Click Here




# Audio Collection

**တက်သစ်စသုတေသီများအတွက် သုတေသနလက်စွဲ**

**Description:** Audio Book Series, 10 parts.

**Subject:** Research Methodology

နားဆင်ရန်နှိပ်ပါ...

အပြည်ပြည်ဆိုင်ရာဥပဒေအရင်းအမြစ်များ

Description:

Subject: International Law

နားဆင်ရန်နှိပ်ပါ...

## Last 3 months Activities

| | |
|---|---|
| ဇန်နဝါရီလ | စာဖတ်သူတို့တောင်းဆိုထားတဲ့ လူငယ်တွေအတွက် အဓိကလိုအပ်နေတဲ့ CV, Resume ရေးသားနည်းသင်တန်းကို ၂၀၂၅ ခု ဇန်နဝါရီလ ၂၉ ရက်ညနေ ၆- ၇:၃၀အချိန်တွင် ပြုလုပ်ခဲ့ပါသည်။ Myanmar Development Professionals က ဆရာ ဒေါက်တာ ပြည့်စုံငြိမ်းက မျှဝေ ပေးခဲ့ တာဖြစ်ပါတယ်။ |
| ဖေဖော်ဝါရီလ | "Answering Interviews with Confidence" ခေါင်းစဉ်နဲ့ Interview ဖြေဆိုခြင်းနှင့်ပတ်သက်တဲ့ အကြောင်းအရာကို Myanmar Development Professionals က ဆရာဒေါက်တာပြည့်စုံငြိမ်း ကပဲ မျှဝေပေးခဲ့ပါတယ်။ ဖေဖော်ဝါရီလ ၂၂ ရက် ညနေ ၆ - ၈ နာရီမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ |
| မတ်လ | ပြန်လည်ဆန်းသစ် အဆင့်မြှင့်တင်ထားတဲ့ “ကံ့ကော်တောအွန်လိုင်း စာကြည့်တိုက် မိတ်ဆက်” အစီအစဉ်နဲ့ "Zotero referencing tool" အသုံးပြုနည်း သင်တန်းကို မတ်လ ၂၁ ရက်နှင့် ၂၂ ရက်နေ့ ညနေ ၆ နာရီမှ ၇ နာရီခွဲအချိန်တို့မှာ ပြုလုပ်ပေးခဲ့ပါတယ်။ |

@KKTLIB

### ကံ့ကော်တောစာကြည့်တိုက်ရဲ့ တယ်လီဂရမ်ချန်နယ်

ကံ့ကော်တောစာကြည့်တိုက်ရဲ့ တယ်လီဂရမ်ချန်နယ်မှာလည်းစာကြည့်တိုက် ရဲ့ လှုပ်ရှားမှုတွေ၊ အသစ်ရောက်စာအုပ်စာတမ်းတွေ၊ စာဖတ်သူတို့ အတွက် အသုံးဝင်မယ့် သတင်းအချက်အလက်တွေကို အခါအားလျော်စွာ တင်ပေးလျက် ရှိပါတယ်။

## New Courses




လေ့လာရန်...

အွန်လိုင်းသင်ခန်းစာကဏ္ဍမှာ **Social Science and Technology** သင်ခန်းစာကို လေ့လာနိုင်ပြီ ဖြစ်ပါတယ်။ စုစုပေါင်းသင်ခန်းစာ (၁၂)ခုပါဝင်ပြီး သင်ခန်းစာတစ်ခုကို ပျှမ်းမျှ(၄၅)မိနစ်ခန့်ကြာမြင့်မှာ ဖြစ်ပါတယ်။ ဆက်တိုက်လေ့လာရန်အဆင်မပြေပါက အချိန်ပိုင်းခြားပြီးလေ့လာနိုင်ပါတယ်။ အကောင့်ပြန်ဝင်တဲ့အခါ မိမိရောက်ရှိနေတဲ့သင်ခန်းစာ နေရာကနေ ပြန်လည်လေ့လာနိုင် မှာဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ နည်းပညာများနှင့် လူ့အခွင့်အရေး ဆက်စပ်ပုံ ကို လေ့လာကြရမှာဖြစ်ပါတယ်။

သင်ခန်းစာပြီးဆုံးပြီးပါက သင်ခန်းစာအဆုံးသတ်စာမေးပွဲဖြေဆိုရမည် ဖြစ်ပြီး မေးခွန်းများကို (၈၀) ရာခိုင်နှုန်း ဖြေဆို အောင်မြင်ပါက အောင်လက်မှတ် ရရှိမှာဖြစ်ပါတယ်။

## Kant Kaw Taw App

ကံ့ကော်တောစာကြည့်တိုက်မှ အွန်လိုင်းစာကြည့်တိုက်အပြင် မိုဘိုင်းအပ်ပလီကေးရှင်းကိုလည်း ပံ့ပိုးပေးထား ပါတယ်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း နှင့်ဆက်စပ်စာချုပ်စာတမ်းများကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ဖတ်ရှုနိုင်ပါတယ်။ ဒါ့ပြင် အွန်လိုင်းစာကြည့်တိုက်ပေါ်မှ အချို့သော ဆောင်းပါးများ၊ စာအုပ်များကိုလည်း ဒေါင်းလုပ်ခ် ရယူ ဖတ်ရှုနိုင်ပါသည်။

# သင်သိပြီးပြီလား?

@KANTKAWTAW

## “From knowledge to wisdom”

**TelegramApp-a-Librarian Service**

မြန်မာနိုင်ငံတစ်ဝန်းမှာ အသုံးပြုမှုအများဆုံး

တယ်လီဂရမ်အပ်ပလီကေးရှင်းကနေ

စာကြည့်တိုက်မှူးနှင့် တိုက်ရိုက်ဆက်သွယ်ပြီး

သင်သိလိုတာတွေ မေးမြန်းနိုင်ပါပြီ။

**Contact: Telegram Channel (https://t.me/kktlib) |**
**Mail: kantkawtaw.library@gmail.com**